# ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ

# (Medium – Term Debt Management Strategy-MTDS)

## နိဒါန်း

၁။ ဤကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာသည် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပေါ်အခြေခံ၍ ပြည်ထောင်စုအစိုးရအတွက် ပထမဦးဆုံးရေးဆွဲခြင်း ဖြစ်ပါသည်။ ဤသို့ရေးဆွဲရာတွင် ပြည်ထောင်စုအစိုးရ (ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ၎င်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ) ၏ကြွေးမြီများပါဝင်ပြီးရှေ့လာမည့် ဘဏ္ဍာရေးနှစ် (၃)နှစ် အတွက် နိုင်ငံတော်၏ဝင်ငွေမဟုတ်သော ချေးငွေရယူမှုများ ပါဝင်ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော်က ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်မှာ အစိုးရ၏ဘဏ္ဍာငွေဖြည့်ဆည်းမှုလိုအပ်ချက်များနှင့် ၎င်း၏ကာလတို၊ ကာလရှည်ပေးရန် တာဝန်များကို ဆုံးရှုံးနိုင်ခြေအနည်းဆုံးနှင့် ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေရန်နှင့် ဈေးကွက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန် တို့ဖြစ်ပါသည်။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေအရ ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံးနောက် ဘဏ္ဍာရေးနှစ် (၃)နှစ် ကာလအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက နှစ်စဉ်ခန့်မှန်းတွက်ချက်၍ ရေးဆွဲရမည်ဖြစ်ပြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော် ၏အတည်ပြုချက် ရယူရမည် ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ အောက်ပါရည်ရွယ်ချက်များကို အလေးထားပါသည်-

(က) ကြွေးမြီခံနိုင်ရည်ရှိမှုအဆင့်ကိုထိန်းသိမ်းထားရှိရန်၊

(ခ) ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို သင့်တင့်လျောက်ပတ်သော အတိုင်းအတာတွင် ရှိနေစေရန်အတွက် ပြည်သူ့ကြွေးမြီ အနေအထားကို အကဲဖြတ်ရန်၊

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်သည့် ပြည်တွင်း ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်စေရန်။

**အစိုးရကြွေးမြီ**

၄။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ရှိ အစိုးရကြွေးမြီ လက်ကျန်အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | | အကြောင်းအရာ | ကျပ် (ဘီလီယံ) | အမေရိကန်ဒေါ်လာ (သန်း) |
|---|---|---|---|---|
| က | | **ပြည်ပကြွေးမြီ** | **၁၁,၇၇၅.၄** | **၉,၁၆၃.၇** |
| | (၁) | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများချေးငွေ | ၁,၇၀၃.၃ | ၁,၃၂၅.၅ |
| | (၂) | နှစ်နိုင်ငံအစိုးရကြားချေးငွေ | ၁၀,၀၇၂.၁ | ၇,၈၃၈.၂ |
| | | - ပဲရစ်ကလပ်နိုင်ငံများ | *၄,၀၁၃.၃* | *၃,၁၂၃.၂* |
| | | - ပဲရစ်ကလပ်မဟုတ်သောနိုင်ငံများ | *၆,၀၅၈.၈* | *၄,၇၁၅.၀* |
| ခ | | **ပြည်တွင်းကြွေးမြီ** | **၁၃,၆၈၄.၀** | **၁၀,၆၄၉.၀** |
| | (၁) | ဗဟိုဘဏ်မှငွေချေးယူခြင်း | ၁၀,၆၁၈.၉ | ၈,၂၆၃.၇ |
| | (၂) | ငွေတိုက်လက်မှတ်အားလေလံစနစ်ဖြင့်ရောင်းချခြင်း | ၂၇၄.၀ | ၂၁၃.၂ |
| | (၃) | ငွေတိုက်စာချုပ်ထုတ်ရောင်းခြင်း | ၂,၇၉၁.၁ | ၂,၁၇၂.၁ |
| | | **စုစုပေါင်း** | **၂၅,၄၅၉.၄** | **၁၉,၈၁၂.၇** |

ငွေလဲလှယ်နှုန်းအမေရိကန် ၁ ဒေါ်လာ = ၁၂၈၅ကျပ်

၅။ အစိုးရကြွေးမြီ၏ အဓိကလက္ခဏာရပ်များမှာ-

(က) ပြည်ပချေးငွေအများစုသည် ချေးငွေသက်တမ်းနှင့် အရင်းပေးဆပ်မှု ကာလကြာမြင့်သောသက်သာမှုရှိသည့် ချေးငွေများဖြစ်ပါသည်။ ပြည်ပချေးငွေ စုစုပေါင်း၏ ၉၈% မှာ ပုံသေအတိုးနှုန်းသတ်မှတ်သည့် ချေးငွေများဖြစ်ပါသည်။

(ခ) ပြည်တွင်းကြွေးမြီများတွင် ဗဟိုဘဏ်သို့ အစိုးရငွေတိုက်လက်မှတ်များ ရောင်းချခြင်းဖြင့် ဖြည့်ဆည်းထားသည့် ကြွေးမြီလက်ကျန်ပမာဏမှာ အများဆုံးဖြစ်ပါသည်။ အတိုးနှုန်းမှာ၄%ဖြင့် ပြည်တွင်းကြွေးမြီစုစုပေါင်း၏ ၇၈% ရှိပါသည်။

(ဂ) ပြည်တွင်းကြွေးမြီ၏၇၈% သည် သက်တမ်း (၃) လ ရှိသော အစိုးရငွေတိုက်လက်မှတ်များဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကဝယ်ယူထားသည့် အစိုးရငွေတိုက်လက်မှတ်

အများစုမှာသက်တမ်းစေ့ပါက ပြန်လည်ရောင်းချခြင်းဖြင့် (၃)လပတ်အလိုက် အတိုးပေးရန် နှစ်ရှည်သက်တမ်းရှိသည့် အစိုးရငွေတိုက်စာချုပ်များကဲ့သို့ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းတွင် ပိုငွေပေါ်ပေါက်သည့်အချိန်မှသာ ပြန်လည်ရွေးနုတ်နိုင်မည် ဖြစ်ပါသည်။

## ပြည်ပကြွေးမြီ

၆။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ အစိုးရ၏ ပြည်ပကြွေးမြီ လက်ကျန်မှာ ကျပ် ၁၁,၇၇၅.၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉,၁၆၃.၇ သန်း) ရှိပါသည်။

၇။ ၂၀၁၃-၂၀၁၄ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်ကာလ (ပဲရစ်ကလပ်နှင့်ကြွေးမြီရှင်းလင်းပြီးနောက်ကာလ) မှစ၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရကြား ချေးငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမေရိကန်ဒေါ်လာ(သန်းပေါင်း)

| စဉ် | နိုင်ငံ/ အဖွဲ့အစည်း | ၃၁-၃-၂၀၁၄ | ၃၁-၃-၂၀၁၅ | ၃၁-၁၂-၂၀၁၅ |
|---|---|---|---|---|
| ၁။ | **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | **၁,၄၈၁.၀** | **၁,၃၀၃.၉** | **၁,၃၂၅.၅** |
| | - အေဒီဘီ | ၆၀၈.၆ | ၅၁၆.၇ | ၅၀၈.၂ |
| | - အိုင်ဒီအေ | ၈၅၅.၆ | ၇၇၀.၃ | ၈၀၂.၃ |
| | - အခြား | ၁၆.၈ | ၁၆.၉ | ၁၅.၀ |
| ၂။ | **နှစ်နိုင်ငံအစိုးရကြားချေးငွေ** | **၈,၂၇၅.၆** | **၇,၅၃၄.၂** | **၇,၈၃၈.၂** |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ</u> | <u>၃,၇၀၈.၈</u> | <u>၃,၀၆၅.၃</u> | <u>၃,၁၂၃.၂</u> |
| | - ဂျပန် | ၁,၉၇၇.၇ | ၁,၇၁၄.၆ | ၁,၇၆၄.၅ |
| | - ဂျာမနီ | ၉၁၉.၉ | ၇၁၁.၉ | ၇၁၂.၉ |
| | - အခြား | ၈၁၁.၂ | ၆၃၈.၈ | ၆၄၅.၈ |
| | <u>ပဲရစ်ကလပ်အဖွဲ့ဝင်မဟုတ်သောနိုင်ငံ</u> | <u>၄,၅၆၆.၈</u> | <u>၄,၄၆၈.၉</u> | <u>၄,၇၁၅.၀</u> |
| | - တရုတ် | ၄,၁၇၃.၈ | ၃,၉၇၂.၃ | ၄,၂၉၀.၃ |
| | - အခြား | ၃၉၃.၀ | ၄၉၆.၆ | ၄၂၄.၇ |
| | **စုစုပေါင်း** | **၉,၇၅၆.၆** | **၈,၈၃၈.၁** | **၉,၁၆၃.၇** |

မှတ်ချက်။ စာရင်းပိတ်သည့်နေ့ရှိ ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၈။ ပြည်ပချေးငွေအများစုသည် ပျမ်းမျှပုံသေအတိုးနှုန်း ၁.၅%ဖြင့် သက်သာသောချေးငွေများဖြစ်ပြီး အတိုးနှုန်းသည် သုညမှ ၄.၅% အတွင်းရှိပါသည်။ ၃၁-၁၂-၂၀၁၅ရက်နေ့ရှိ ပြည်ပကြွေးမြီတွင် ငွေကြေးအမျိုးအစားပါဝင်မှုအား အောက်ပါပုံကားချပ်ဖြင့်ဖော်ပြအပ်ပါသည်-




၉။ ပြည်ပချေးငွေအား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရများအကြား ရယူထားခြင်းဖြစ်ပြီး အများစုမှာဆိုင်းငံ့ကာလ (၁၀)နှစ် အထိနှင့် ဆိုင်းငံ့ကာလ အပါအဝင် ချေးငွေသက်တမ်း(၄၀)နှစ် အထိရှိပါသည်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာနှစ်မှစ၍ ပြည်ပချေးငွေအပေါ်အရင်း၊ အတိုးပြန်လည်ပေးဆပ်ရမည့် ခန့်မှန်းချက်မှာ အောက်ဖော်ပြပါပုံအတိုင်းဖြစ်ပါသည်-



## ပြည်တွင်းကြွေးမြီ

၁၀။ ပြည်တွင်းကြွေးမြီ၏ ဖွဲ့စည်းပုံကိုကြည့်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အတိုးနှုန်း ၄% ဖြင့် ဖြည့်ဆည်းထားသော အစိုးရငွေတိုက်လက်မှတ်များ အဓိကပါဝင်ပြီး ပြည်တွင်းကြွေးမြီ စုစုပေါင်း၏ ၇၈% ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ထုတ်ရောင်းခဲ့သည့် အစိုးရငွေတိုက်လက်မှတ်များမှာ သက်တမ်း(၃)လရှိပြီး သက်တမ်းစေ့သော်လည်း အားလုံးအား ပြန်လည်ရွေးနုတ်နိုင်ခြင်း မရှိသေးပါ။

၁၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား သီးခြားအဖွဲ့အစည်းအဖြစ် ရပ်တည်နေပြီဖြစ်သဖြင့် ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန် သို့မဟုတ် ဝင်ငွေက အသုံးစရိတ်ထက်လျော့နည်းနေပါက အသုံးစရိတ်များ ကျခံသုံးစွဲနိုင်ရန် အစိုးရသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေချေးယူခြင်းအား အချိန်ကြာမြင့်စွာ မဆောင်ရွက်သင့်ပါ။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းဖြင့် လိုငွေဖြည့်ဆည်းခြင်းအား လျှော့ချနိုင်ရန်နှင့် ပြည်တွင်းငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်ကို အခြေခံသည့် အစိုးရငွေချေးသက်သေခံလက်မှတ် စနစ်သို့ ပြောင်းလဲသည့် အစီအစဉ် တစ်နည်းအားဖြင့် အစိုးရငွေချေးသက်သေခံလက်မှတ်အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းတို့ကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ခဲ့ပါသည်။

### ဈေးကွက်ကို အခြေခံသည့် အစိုးရငွေတိုက်လက်မှတ်များ

၁၂။ ဈေးကွက်ကိုအခြေခံသည့် အစိုးရငွေတိုက်လက်မှတ်များကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် လေလံဈေးနှုန်း တစ်မျိုးတည်းကို အသုံးပြုသည့် နည်းလမ်းဖြင့် စတင်ထုတ်ဝေခဲ့ပါသည်။ အစိုးရငွေတိုက်လက်မှတ် အစီအစဉ်ပြောင်းလဲမှုများတွင် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

(က) Single Price မှ Multiple Price သို့ ပြောင်းလဲသတ်မှတ်ခြင်း၊

(ခ) လေလံတင်ရမည့် အနည်းဆုံးပမာဏကို ကျပ် ၁,၀၀၀ သန်းမှ ကျပ် ၅၀၀ သန်းထိ လျှော့ခြင်း။

၁၃။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၂၈ရက် နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ လေလံခေါ်ယူခဲ့သည့် အကြိမ်ပေါင်း (၂၁) ကြိမ်ဖြစ်ပါသည်။လေလံဝင်ရောက်ရန် ကမ်းလှမ်းသည့် ပမာဏထက်ကျော်လွန်၍ လေလံဝင်ရောက်မှု (၄) ကြိမ်ရှိခဲ့ပြီး၊ လေလံ (၂)ကြိမ်တွင် မူလာရောက် ဝင်ပြိုင်မှုမရှိခဲ့ပါ။ အစိုးရငွေတိုက်လက်မှတ်လေလံစနစ်တွင် ပါဝင်ယှဉ်ပြိုင်သူများ အားနည်းလျက်ရှိပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ၎င်းအပေါ်ပေးရသည့် အတိုးငွေပမာဏကို ချင့်ချိန် သုံးသပ်လျက်

စျေးကွက်ကသတ်မှတ်သည့် အတိုးနှုန်းရောက်ရှိအောင် လိုက်လံတိုးမြှင့်ပေးလျက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော်အနေဖြင့် အစိုးရငွေတိုက်လက်မှတ်အပေါ် အတိုးပေးရသည့် အသုံးစရိတ်မြင့်တက်လာပါသည်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် (၃)လသက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များ အပြင်(၆)လ၊ (၁၂)လသက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များကိုလည်း ထုတ်ဝေရန် စီစဉ်ထားရှိပါသည်။

**အစိုးရငွေတိုက်စာချုပ်များ**

၁၄။ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မတိုင်မီအထိ အစိုးရငွေတိုက်စာချုပ်များကို (၂)နှစ်၊ (၃)နှစ်နှင့် (၅)နှစ် သက်တမ်းဖြင့် ထုတ်ဝေပေးလျက်ရှိပြီး အတိုးနှုန်းမှာ ၈.၇၅% ၊ ၉% နှင့် ၉.၅% တို့အသီးသီး ဖြစ်ပါသည်။ လာမည့်ဘဏ္ဍာနှစ် (၃) နှစ်အတွက် အစိုးရငွေတိုက်စာချုပ်များအား သက်တမ်းအလိုက် ရွေးနုတ်မည့် အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**အစိုးရငွေတိုက်စာချုပ်များ ရွေးနုတ်မည့်အစီအစဉ် (၃၁-၁၂-၂၀၁၅ အထိ)**

(ကျပ်ဘီလီယံ)

| | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် |
|---|---|---|---|
| မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် ထုတ်ဝေထားသော အစိုးရငွေတိုက်စာချုပ်များ | ၃၀၁.၆ | ၆၂၉.၅ | ၉၄၂.၀ |
| တစ်ဆင့်ခံရောင်းချသူများသို့ထုတ်ဝေထားသော အစိုးရငွေတိုက်စာချုပ်များ | ၁၂၈.၈ | ၂၉.၉ | ၁၁.၃ |
| **စုစုပေါင်း** | **၄၃၀.၄** | **၆၅၉.၄** | **၉၅၃.၃** |

၁၅။ စျေးကွက်ကိုအခြေခံသည့် အစိုးရငွေတိုက်စာချုပ်ထုတ်ဝေမှု ပုံစံအသစ်ကို ၂၀၁၆ ခုနှစ်တွင် စတင်ရန် စီစဉ်ထားပြီး ဦးစွာ(၂)နှစ်၊ (၃) နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်များကို လေလံစနစ် (သို့မဟုတ်) စုပေါင်းဝယ်ယူသည့်စနစ်တို့ဖြင့် ထုတ်ဝေမည်ဖြစ်ပါသည်။ အဆိုပါ (၂) နှစ်၊ (၃)နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်များကို စံသတ်မှတ်ချက် ရောက်ရှိသည်အထိ ထုတ်ဝေရောင်းချမည် ဖြစ်သည်။ စျေးကွက်ဖွံ့ဖြိုးလာပါက ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ဝယ်လိုအားနှင့် စျေးကွက် အခြေအနေပေါ်မူတည်၍(၅) နှစ်၊ (၇)နှစ်၊ (၁၀) နှစ်စသည်ဖြင့် သက်တမ်းရှိ ငွေတိုက်စာချုပ်များ ကို ဆက်လက်ထုတ်ဝေမည်ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံသူများနှင့်ဆက်သွယ်ဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှု

၁၆။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေစဉ်အတွင်း ဈေးကွက်မြင့်တင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အတွက် အရေးပါသော လုပ်ဆောင်ချက်မှာ ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ဆောင်ရွက်မှု အစီအစဉ်ကို အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ပါသည်။ ဘဏ်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးမှုများကို (၃)လ တစ်ကြိမ် (သို့မဟုတ်) (၆)လတစ်ကြိမ် ပြုလုပ်မည်ဖြစ်ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရငွေတိုက်လက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များ၏ လေလံအချိန်ဇယားကို သုံးလပတ် အလိုက် ကြေညာမည် ဖြစ်ပါသည်။

## အစိုးရမှ ငွေထုတ်ချေးခြင်း/ထပ်ဆင့် ငွေထုတ်ချေးခြင်းနှင့် ချေးငွေအာမခံချက်များ

၁၇။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံတော်ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထပ်ဆင့် ငွေထုတ်ချေးထားသည့် ပြည်ပချေးငွေ (၂) ခုရှိပြီး အစိုးရက အာမခံထားသည့် ချေးငွေများမရှိပါ။

## ကြွေးမြီခံနိုင်ရည်ရှိမှု စီမံခန့်ခွဲခြင်း

၁၈။ ၂၀၁၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့မှ ပူးပေါင်းဆောင်ရွက်ထားသည့် ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ချက် (Debt Sustainability Analysis-DSA) အရ မြန်မာနိုင်ငံ၏ကြွေးမြီအခြေအနေသည် ဆုံးရှုံးနိုင်ခြေအနည်းဆုံး အဆင့်၌ ရှိကြောင်း အကဲဖြတ်ထားပါသည်။ Baseline Scenarioအရ အစိုးရနှင့် အစိုးရမှအာမခံထားသော ပြည်ပကြွေးမြီ ညွှန်းကိန်းများသည် စံသတ်မှတ်ချက်အောက်တွင် တည်ရှိနေပြီး အစိုးရကြွေးမြီ စုစုပေါင်းသည် ကာလရှည်တွင် မြင့်တက်နေသော်လည်း စံသတ်မှတ်ချက်အောက်တွင် ဆက်လက်တည်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ ကြွေးမြီဝန်ပိမှုအန္တရာယ် အနိမ့်ဆုံးအဆင့်တွင်ရှိသော်လည်း ကြွေးမြီအဆင့်ကို ဆိုးဝါးစွာသက်ရောက်စေနိုင်သည့်အန္တရာယ်များ ပြည်တွင်း၊ ပြည်ပ ကြွေးမြီနှစ်မျိုးလုံးတွင် မကျရောက်စေရန်အတွက် အနီးကပ် စောင့်ကြည့်ရန် လိုအပ်ပါသည်။

၁၉။ သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့က သတ်မှတ်ထားသည့် နိုင်ငံ၏မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်အား တိုင်းတာသည့် (Country Policy and Institutional Assessment – CPIA) Score အရ အလယ်အလတ်အဆင့် ဝင်ငွေနည်းပါးသည့် နိုင်ငံ

အတွက် စံသတ်မှတ်ချက်မှာ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး ၃၀% ထက် မကျော်လွန်သင့်ကြောင်း၊ ပြည်တွင်းပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၃၈% ထက်မကျော်လွန်သင့်ကြောင်း တွေ့ရှိရပါသည်။

၂၀။ နိုင်ငံတော်၏ ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်ပကြွေးမြီနှင့် ဂျီဒီပီ အချိုး | ပြည်တွင်း၊ ပြည်ပ ကြွေးမြီနှင့် ဂျီဒီပီအချိုး |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | ၁၈.၉% | ၁၄.၄% | ၃၃.၃% |
| ၂၀၁၅-၂၀၁၆ (၃၁-၁၂-၂၀၁၅ ထိ) | ၁၈.၇% | ၁၆.၁% | ၃၄.၈% |

၂၁။ သို့ဖြစ်ရာ ပြည်တွင်းချေးငွေရယူခြင်းအား တဖြည်းဖြည်းလျှော့ချသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးအား ၄၀% ထက်မကျော်လွန်ရန် လည်းကောင်း၊ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးအား ၃၀% ထက်မကျော်လွန်ရန်လည်းကောင်း ညှိနှိုင်းထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲခြင်း**

၂၂။ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို လေ့လာစိစစ်မှုပြုလုပ်ရာတွင် ပြည်ပကြွေးမြီ၏ ဆုံးရှုံးနိုင်ခြေအနည်းဆုံး ဖြစ်စေရန်နှင့် ကြွေးမြီဆုံးရှုံးနိုင်ခြေကို ထိန်းထားနိုင်ရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရကြားတို့မှ သက်သာသောချေးငွေများကို ပိုမိုရယူရပါမည်။ ထို့အပြင် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးမှုသည် လည်း ဘဏ္ဍာငွေအရင်းအမြစ် အမျိုးမျိုးရရှိရန်၊ ဆုံးရှုံးနိုင်ခြေနည်းသည့် ဘဏ္ဍာငွေအရင်းအမြစ်ဖြင့် ဖြည့်ဆည်းရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများတိုးပွားလာရန် အရေးကြီးပါသည်။

**နိုင်ငံခြားငွေကြေးအမျိုးအစားကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း**

၂၃။ ပြည်ပကြွေးမြီကို ပြန်လည်ပေးဆပ်ရာတွင် ငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို သတိထား၍ ဆောင်ရွက်ရပါမည်။ အမျိုးမျိုးသောငွေချေးယူမှု အရင်းအမြစ်များ အတွက် လက်ရှိကျင့်သုံးနေသည့် မူဝါဒအပြင် ငွေကြေးအမျိုးအစားကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေကိုလျှော့ပါးရန် (သို့မဟုတ်) စီမံခန့်ခွဲရန်အတွက် ငွေကြေးအမျိုးအစားအား အစီအစဉ် ချမှတ်၍ ဆောင်ရွက်ရပါမည်။

## အတိုးနှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း

၂၄။ အစိုးရ၏ လက်ရှိပြည်ပကြွေးမြီ အများစုသည် သက်သာသောချေးငွေများ ဖြစ်ပြီး ပုံသေအတိုးနှုန်း ဖြစ်သည့်အတွက် အတိုးနှုန်းကြောင့် ဆုံးရှုံးနိုင်ခြေနည်းပါးပါသည်။ လက်ရှိကာလတွင် ပြည်တွင်းကြွေးမြီမှာ ပုံသေအတိုးနှုန်းနှင့် နှုန်းရှင်အတိုးနှုန်းတို့ ပေါင်းစည်းထားပါသည်။ ဈေးကွက်အခြေအနေနှင့် ဘဏ်နှင့်ရင်းနှီးမြှုပ်နှံသူများ၏ ဝယ်လိုအားအရ အစိုးရငွေတိုက်လက်မှတ်ထုတ်ဝေမှုအား လျှော့ချ၍ ပုံသေအတိုးနှုန်းဖြင့် အစိုးရငွေတိုက်စာချုပ်များအား ပိုမိုထုတ်ဝေခြင်းအားဖြင့် အတိုးနှုန်းဆုံးရှုံးနိုင်ခြေကို စီမံခန့်ခွဲပါမည်။

## ဘဏ္ဍာငွေပြန်လည်ဖြည့်ဆည်းမှုဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း

၂၅။ အစိုးရ၏ပြည်ပကြွေးမြီအားလုံးသည် ပြန်ဆပ်ကာလရှည်သည့်အတွက် ဘဏ္ဍာငွေပြန်လည်ဖြည့်ဆည်းမှုဆုံးရှုံးနိုင်ခြေ အနည်းငယ်သာရှိပါသည်။ ပြည်တွင်းကြွေးမြီအပိုင်း၌ အစိုးရငွေတိုက်လက်မှတ်များနှင့် ကာလတိုအစိုးရငွေတိုက်စာချုပ်များသည် သိသာထင်ရှားသော ဘဏ္ဍာငွေပြန်လည်ဖြည့်ဆည်းမှုဆုံးရှုံးနိုင်ခြေများ ဖြစ်စေပါသည်။ အဆိုပါဆုံးရှုံးနိုင်ခြေများကို လျှော့ပါးစေရန် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်မည့် အစိုးရငွေတိုက်စာချုပ်များ ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ပါဝင်သူများ တိုးတက်လာစေရန်နှင့် အခြေခံရင်းနှီးမြှုပ်နှံသူများ တိုးပွားလာစေရန်ရည်ရွယ်၍ အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဈေးကွက်၌ ပါဝင်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။

## ငွေဖြစ်လွယ်မှုဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း

၂၆။ မသေချာသောငွေဖြစ်လွယ်မှု/ ငွေရရှိမှုများကြောင့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ ဖြစ်လာနိုင်ပါသည်။ အဆိုပါဆုံးရှုံးနိုင်ခြေများကို လျှော့ပါးစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကာလတို ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုအနေဖြင့် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ အစိုးရငွေတိုက်လက်မှတ်များ ထုတ်ဝေခြင်းအားဖြင့် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရ၏ ငွေကြေးစီမံခန့်ခွဲမှုနှင့် ငွေဖြစ်လွယ်မှု ဆုံးရှုံးနိုင်ခြေကို လျှော့ပါးစေရန်၊ ကာလတို ငွေကြေးအရင်းအမြစ်ရရှိရန်နှင့် လုံလောက်သော ငွေသားလက်ကျန်ကို ထိန်းသိမ်းရန်တို့အတွက် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်းနှင့် အစိုးရ၏ငွေသားစီမံချက်ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း

၂၇။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ လျော့နည်းရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကြွေးမြီစာရင်းမှတ်တမ်းတင်ခြင်းနှင့် စီမံခန့်ခွဲမှုစနစ်ကို လုံခြုံစိတ်ချမှုရှိသော ချိတ်ဆက်မှုရှိသည့် ကွန်ပျူတာစနစ်များဖြင့် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မရှိစေရန် အဓိက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စနစ်များနှင့်ဝန်ထမ်းရေးရာကိစ္စရပ်များ ပါဝင်သော လုပ်ငန်းဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်ကို ချမှတ်ရမည်။

## အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း

၂၈။ မြန်မာနိုင်ငံတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသော ပြည်တွင်းဈေးကွက် ကောင်းမွန်စွာ ဖွံ့ဖြိုးမှုမရှိခြင်းသည် အစိုးရ၏ဘတ်ဂျက်နှင့် ရငွေလိုအပ်ချက်ကို ဖြည့်ဆည်းရန် အဓိက အားနည်းချက်တစ်ခု ဖြစ်ပါသည်။ ထို့အပြင် အာမခံကုမ္ပဏီများ၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် ငွေရေးကြေးရေးဈေးကွက်တွင် ပါဝင်သူများ၊ ပင်စင်ရန်ပုံငွေနှင့် နှစ်ဖက်အကျိုးအတွက် တည်ထောင်ထားသည့်ရန်ပုံငွေ (Mutual Fund) အတွက်လည်း ဆုံးရှုံးမှု ဖြစ်စေပါသည်။

## အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံစနစ်ဖြင့် ဆက်လက်ရောင်းချခြင်း

၂၉။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အခြားနိုင်ငံများနည်းတူ အစိုးရငွေတိုက်လက်မှတ်များ လေလံတင်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အစပိုင်းတွင် အစိုးရငွေတိုက်စာချုပ်များ ပုံမှန်လေလံခေါ်ယူခြင်းအားဖြင့် ဘဏ္ဍာငွေလိုအပ်ချက်ဖြည့်ဆည်းရန် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဘဏ္ဍာရေးနှစ်စဉ် ပြည်ထောင်စုဘတ်ဂျက်အရ နှစ်စဉ်ငွေချေးယူမှု အစီအစဉ်နှင့် အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။ နောင်လာမည့်ကာလတွင် လေလံတစ်ခုချင်းအလိုက် ရောင်းချမည့်အချိန်အား အသားတင်အသုံးစရိတ်နှင့် ရငွေစီးဆင်းမှုများမှသတ်မှတ်ပေးမည်ဖြစ်ပါသည်။ အမှန်တကယ်ခေါ်ယူမည့် လေလံနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို လေလံခေါ်ယူခြင်း မပြုမီကြေညာပါမည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် အတူထုတ်ဝေမည့် အမျိုးအစားနှင့် သက်တမ်းတို့ကို မီဒီယာတွင် ဖော်ပြရပါမည်။ အဆိုပါ လုပ်ငန်းစဉ်များသည် ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများ အားလုံးအတွက် ပွင့်လင်းမြင်သာမှုရှိရန်နှင့် ရှင်းလင်းစွာ သိရှိနိုင်ရန် လိုအပ်ပါသည်။

၃၀။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကာလအတွင်း အဓိက ရည်ရွယ်ချက်သည် ရေရှည်အစီအစဉ်တစ်ခုကို ဖန်တီးနိုင်ရန်အတွက် အနည်းဆုံးနှစ်ပတ် တစ်ကြိမ် ဈေးကွက်ကို အခြေခံသည့် အစိုးရငွေတိုက်လက်မှတ်များကို ဆက်လက်ထုတ်ဝေရန်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်များအား လေလံစနစ်ဖြင့် စတင် ထုတ်ဝေရန် ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း (၂) နှစ်၊ (၃)နှစ်သက်တမ်းရှိ အစိုးရ ငွေတိုက်စာချုပ်များကိုဦးစွာလေလံစနစ်(သို့မဟုတ်) စုပေါင်းဝယ်ယူသည့်စနစ်ဖြင့် ထုတ်ဝေပါမည်။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာသည့်အခါ (၅) နှစ်၊ (၇) နှစ်၊ (၁၀) နှစ် သက်တမ်းရှိ အစိုးရငွေတိုက် စာချုပ်များကို ဈေးကွက်အခြေအနေများ၊ ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ဝယ်လိုအားအရ စတင်ထုတ်ဝေပါမည်။ အသုံးစရိတ်/ ရငွေစီးဆင်းမှုတွင် ရေတိုပြောင်းလဲမှုများ ရှိသည့်အတွက် ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာသည့်အခါ အစိုးရငွေတိုက်လက်မှတ်များကို ထုတ်ဝေရောင်းချခြင်းနှင့် ပြန်လည်ရွေးနုတ်ခြင်းများဖြင့်ဆောင်ရွက်ပါမည်။ အဆိုပါ လုပ်ငန်းစဉ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ယူဆောင်ရွက် ရပါမည်။ ကြွေးမြီစီမံခန့်ခွဲမှုမူဝါဒ ဆုံးဖြတ်ချက်ချမှတ်ခြင်းအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်ပါမည်။

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေချေးယူရန်လျာထားမှုအစီအစဉ်

၃၁။ ပြည်ပငွေကြေးဖြင့်ဖြည့်ဆည်းခြင်း(သို့မဟုတ်) ပြည်ပမှငွေချေးယူခြင်းအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ဖြင့် နှစ်နိုင်ငံဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများမှ သက်သာသော ချေးငွေ များကို ဦးစားပေးရယူမည် ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းမှ ဘဏ္ဍာငွေ ဖြည့်ဆည်းခြင်း/ ငွေချေးယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဈေးကွက်ကို အခြေခံသည့် အစိုးရငွေတိုက်လက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ် များကို ထုတ်ဝေမည်ဖြစ်ပါသည်။ ဈေးကွက်ကိုအခြေခံသည့်အစိုးရငွေတိုက်လက်မှတ်များနှင့် အစိုးရ ငွေတိုက်စာချုပ်များဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းရာတွင် ဈေးကွက်မှ ဝယ်လိုအားလုံလောက်မှုမရှိမှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူမည်ဖြစ်ပါသည်။၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်များနှင့် အစိုးရငွေတိုက်လက်မှတ်များအား လေလံတင်ရောင်းချရာတွင် ဈေးကွက်အခြေအနေ၊ ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်တို့အပေါ် မူတည်၍ ရောင်းချမည် ဖြစ်ပါသည်။ ဈေးကွက်အပေါ် ဆန်းစစ်သုံးသပ်မှုများကိုလည်း ရင်းနှီးမြှုပ်နှံသူများနှင့် ထိတွေ့၍ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများ**

၃၂။ အစိုးရကြွေးမြီစီမံခန့်ခွဲမှုအတွက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ထိ ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းများမှာ -

(က) ပြည်ပဘဏ္ဍာငွေဖြည့်ဆည်းခြင်းအား ချေးငွေထုတ်ယူမှု အစီအစဉ်၊ လက်ရှိနှင့် နောင်တွင် အကောင်အထည်ဖော်မည့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် အပြည်ပြည်ဆိုင်ရာနှင့် နှစ်နိုင်ငံကြား အဖွဲ့အစည်းများမှ ချေးငွေရယူပါမည်။

(ခ) သက်သာသောချေးငွေဖြစ်စေကာမူ ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက် ရယူရမည်။

(ဂ) ကုန်သွယ်မှု (သို့မဟုတ်) ရောင်းသူ့ချေးငွေများ ရယူပါက ချေးငွေစည်းကမ်း သတ်မှတ်ချက်များအား လက်ခံနိုင်သည့် ပြည်ပကူးသန်းရောင်းဝယ်ရေး ချေးငွေများကိုသာ စာချုပ်ချုပ်ဆိုမည် ဖြစ်ပါသည်။

(ဃ) ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ပါက ပြည်ပသို့အစိုးရငွေတိုက်စာချုပ်များကို ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ပါမည်။

(င) အစိုးရငွေတိုက်လက်မှတ်များကို (၂) ပတ်လျှင်တစ်ကြိမ် ဆက်လက်ပြုလုပ်မည် ဖြစ်ပြီး (၃)လသက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များ လေလံခေါ်ယူခြင်းအပြင် (၆) လ နှင့် (၁၂) လ သက်တမ်းရှိ အစိုးရငွေတိုက်လက်မှတ်များကို စတင်ထုတ်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်။

(စ) အစိုးရငွေတိုက်စာချုပ်(၂ နှစ် ၈.၇၅% ၊ ၃ နှစ် ၉% နှင့် ၅ နှစ် ၉.၅%) များကို Scripless ပုံစံဖြင့် ပြောင်းလဲထုတ်ဝေပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကော်မရှင်တို့၏ အကြံဉာဏ်ရယူ၍ ဆက်လက်ဆောင်ရွက်ပါမည်။

(ဆ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဝယ်ယူရင်းနှီးမြှုပ်နှံထားသော အစိုးရငွေတိုက်လက်မှတ်များကို ဈေးကွက်အခြေခံသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအဖြစ် ပြောင်းလဲနိုင်သည့် ကာလအထိသတ်မှတ်အတိုးနှုန်း ၄% ဖြင့် သုံးလပတ်အလိုက် အတိုးပေးသည့် ပုံစံဖြင့် ဆက်လက်ဆောင်ရွက် သွားပါမည်။

(ဓ) ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် အစိုးရငွေတိုက်လက်မှတ်များ လေလံခေါ်ယူခြင်းကို သက်တမ်းပုံစံ အပြည့်အဝ ဆောင်ရွက်ပြီးသည့်အခါ ဈေးကွက်ကိုအခြေခံသည့် အစိုးရငွေတိုက်စာချုပ်များကို ထုတ်ဝေပါမည်။

(ဈ) အစိုးရငွေတိုက်စာချုပ်များ စတင်ထုတ်ဝေမှုကိုလေလံစနစ် (သို့မဟုတ်) စုပေါင်းဝယ်ယူသည့် စနစ်ဖြင့် ထုတ်ဝေမည်ဖြစ်ပြီး လေလံစနစ်ဖြင့် ထုတ်ဝေခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပါမည်။

(ည) အစိုးရငွေတိုက်စာချုပ်များ၏ သက်တမ်းကို အစပိုင်း၌ ဈေးကွက်လိုလားချက်အပေါ်မူတည်၍ (၂) နှစ်၊ (၃) နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ထုတ်ဝေပါမည်။

(ဋ) အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေမှုကိုဈေးကွက် အခြေအနေပေါ်မူတည်၍ လစဉ် (သို့မဟုတ်) (၂) လတစ်ကြိမ် ထုတ်ဝေရန် မျှော်မှန်းထားပါသည်။

(ဌ) အစိုးရငွေတိုက်စာချုပ်များကို ဈေးကွက်ဆန်းစစ်ချက်ရလဒ်အရ အနည်းဆုံးရောင်းချနိုင်သည့် စံသတ်မှတ်ချက် အရေအတွက်ဖြင့် ပြန်လည်စတင် ထုတ်ဝေသွားပါမည်။

(ဍ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် (၃) လတစ်ကြိမ် လေလံခေါ်ယူခြင်း မပြုမီ အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရန် လေလံအချိန်ဇယားကို ကြေညာပါမည်။

(ဎ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများပုံမှန် ဆက်သွယ်မှုပြုလုပ်၍ ထိရောက်သည့် ရင်းနှီးမြှုပ်နှံသူဆက်သွယ်ဆောင်ရွက်မှု အစီအစဉ်ကိုပြုလုပ်ပါမည်။

**နိဂုံး**

၃၃။ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်ငွေချေးယူမှုအစီအစဉ် (Annual Borrowing Plan) များကို ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ရေးဆွဲရာတွင် ကြွေးမြီလက်ကျန် အခြေအနေ၊ ကြွေးမြီခံနိုင်ရည်ရှိမှုအခြေအနေ၊ ဆုံးရှုံးနိုင်ခြေများ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ဘဏ္ဍာငွေလိုအပ်ချက်၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအနှီးလိုအပ်ချက် စသည်တို့ကို အဘက်ဘက်မှ ပြည့်စုံအောင် ထည့်သွင်းစဉ်းစား၍ သုံးသပ်ရေးဆွဲရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။